

**Main Fort Wayne Office**
909 East State Boulevard,
Fort Wayne, IN 46805
(260) 481-2700

*Outpatient Services, Medical Services, Outpatient Stabilization, Family Education Center, Administration and Corporate Services*



**Park Center Carew**
1909 Carew Street,
Fort Wayne, IN 46805
(260) 481-2800

*Transitional Care Services, Addiction Services, Assertive Community Treatment Team*



**Park Center Novitsky Building**
909 East State Boulevard
(corner of Parnell and State),
Fort Wayne, IN 46805
(260) 481-2850

*Continuous Treatment Case Management Services, Residential Manager's Offices, Home-Based and Diversion Program, Hospital and Court Liaison*



**Decatur Park Center**
809 High Street,
Decatur, IN 46733
(260) 724-9669



**Bluffton Park Center**
1115 South Main Street,
Bluffton, IN 46714
(260) 824-1071







ပိုမိုသိရှိလိုသည်များရှိလျှင်၊ (သို့) တွေ့ဆုံရန်ရက်ချိန်းယူလိုလျှင် သို့မဟုတ် အသိမိတ်ဆွေတို့အား မိတ်ဆက်ပေးလိုလျှင် အောက်ပါ ဖုံးနံပါတ်များသို့ ခေါ်ဆိုဆက်သွယ်နိုင်ပါသည်။

| | |
|---|---|
| အခမဲ့ခေါ်နိုင်သောဖုံး | ၁-၈၆၆-၄၈၁-၂၇၀၀ |
| ဖို့ဝိန်းရုံး | ၂၆၀-၄၈၁-၂၇၀၀ |
| ဘလက်ဖ်တန်ရုံး | ၂၆၀-၈၂၄-၁၀၇၁ |
| ဒီကေတာရုံး | ၂၆၀-၇၂၄-၉၆၆၉ |

နှင်းယုလွင် (Hnin Yu Lwin)၊ ၂၆၀-၄၈၁-၂၇၀၀။ လိုင်းခွဲ - ၂၁၀၄။

**909 E State Blvd. Fort Wayne. IN 46805.**
**Ph: (260) 481- 2700.**

ဖေဖော်ဝါရီ ၁၉၊၂၀၁၀။

# ပါ့ခ်စင်တာ

## လူထုစိတ်ကျန်းမာရေး စောင့်ရှောက်ရေးဌာန

ပါ့ခ်စင်တာ အရေးပေါ် ၂၄ နာရီခေါ်နိုင်သောဖုံးနံပါတ် - ၂၆၀-၄၇၁-၉၄၄၀

ပေါ့ခ်စင်တာသည် လူထုစိတ်ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာန တခု အဖြစ်ရပ်တည်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်တိုင်ရှိခဲ့ပါပြီ။ ယနေ့အချိန်အထိ ပေါ့ခ်စင်တာသည် အရည်အသွေးကောင်းမွန် သော၊ ကုန်ကျငွေသက်သာသော အမူအကျင့်/စိတ်ကျန်းမာရေး ဝန်ဆောင်မှု များကို အယ်လ်လန် (Allen)၊ အပ်ဒမ် (Adams) နှင့် ဝဲလ် (Wells) ခရိုင်အတွင်းရှိ အသက်အရွယ်မရွေး လူအများတို့အား စိတ်ကျန်းမာရေး ကောင်းမွန်စေရန်နှင့် အစစအဆင်ပြေရန်အတွက် ကြိုးပမ်းဆောင်ရွက်ပေးနေပါသည်။

ပေါ့ခ်စင်တာသည် ပုဂ္ဂလိကပိုင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုများ၊ စိတ်ကျန်းမာရေးပြည့်ဝမှုအတွက် နှစ်သိမ့်အားပေး ပညာပေးဆွေးနွေးပေးသော ပရဟိတဌာနဖြစ်ပြီး ပြင်ပလူနာ စောင့်ရှောက်မှု၊ ဂေဟာတွင်စောင့်ရှောက်မှု၊ အရက်သေစာနှင့် မူးယစ်ဆေးစွဲခြင်းဖြတ်တောက်မှုတို့နှင့်ပက်သက်၍ ကူညီစောင့်ရှောက်ခြင်း၊ အိမ်၌စောင့်ရှောက်မှု၊ စနစ်တကျစီမံကွပ်ကဲထားသော ကျန်းမာရေးဝန်ဆောင်မှုများနှင့် အခြားသော အမူအကျင့် (သို့) စိတ်ကျန်းမာရေး စောင့်ရှောက်ခြင်းများကို ဝန်ဆောင်ပေးနေပါသည်။

ကျွန်ုပ်တို.၏ အဓိကရည်ရွယ်ချက်မှာ အကူအညီအလိုအပ်ဆုံးသူများကို ဝန်ဆောင်မှုပေးရန်ဖြစ်ပါသည်။ အဓိကအားဖြင့် စိတ်အနှောင့်အယှက်ဖြစ်မှု ခံစားနေရသောကလေးများ၊ လူငယ်လူရွယ်များနှင့် ၎င်းတို့၏ မိသားစုများ၊ စိတ်ဝေဒနာခံစားနေရသူများကိုကူညီရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ရုံးခန်းများသည် (Fort Wayne) ဖို့ဝိန်းမြို့၊ (Bluffton) ဘလက်ဖ်တန်မြို့နှင့် ဒီကေတာ(Decatur) မြို့တို့တွင်တည်ရှိပါသည်။

## ကျွမ်းကျင်ဝန်ထမ်းများ

ပေါ့ခ်စင်တာ၏ ဝန်ဆောင်မှုများကို အရည်အသွေးပြည့်မီ ကောင်းမွန်သော စိတ်ရောဂါကုဆရာဝန်များ၊စိတ်ကျန်းမာရေးကျွမ်းကျင်သူများ၊ ဆေးလူမှုလုပ်သားများ၊ အထူးကုများ၊ သူနာပြုများ၊ အမှုတွဲ မန်နေဂျာများနှင့် အမူအကျင့်ပြန်လည်တည်ထောင်ရေး ဝန်ထမ်းများစသော ကျွမ်းကျင်ဝန်ထမ်းများက ဝန်ဆောင်မှုပေးနေပါသည်။

အချင်းချင်းပြန်လည်စီစစ်မှုနှင့် ဆေးပညာအရည်အသွေးကြီးကြပ်မှုတို့ဖြင့် အကောင်းဆုံးအရည်အသွေးဖြစ်သော ဝန်ဆောင်မှုဖြစ်စေရန် ထိန်းသိမ်းထားပါသည်။

ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများသည် စိတ်ချယုံကြည်ရသည်ဟု အာမခံနိုင်ပါသည်။ ပေါ့ခ်စင်တာတွင် သင်သည် လုံခြုံစိတ်ချရ၍ သင့်ကိုလေးစားသော ပတ်ဝန်းကျင်၌ အရည်အသွေးရှိသော ဝန်ဆောင်မှုများကို ရရှိပါမည်။

## ဝန်ဆောင်ခ

ဝန်ဆောင်ခသည် ကျွန်ုပ်တို့ပေးသောဝန်ဆောင်မှုပေါ်တွင်မူတည်ပါသည်။ ကျွန်ုပ်တို့၏ ဝန်ဆောင်ခသည် အခြားသော ဝန်ဆောင်မှုပေးသောနေရာများထက် သက်သာပြီး၊ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုရှိသော ခရိုင် ၃ ခုအတွင်းနေထိုင်၍ အင်ဒီယားနားပြည်နယ်စိတ်ကျန်းမာရေး ကူညီရေးအစီအစဉ်ရရှိသူများသည် အချို့သောဝန်ဆောင်မှုများအတွက် ညှိနှိုင်းထားသော ဝန်ဆောင်ခနှုန်းကို ရရှိနိုင်ပါသည်။

ဤအစီအစဉ်ရရှိရေးသည် မိသားစုအရွယ်အစား၊ ဝင်ငွေနှင့်မသန်မစွမ်းဖြစ်မှု အတိုင်းအတာပေါ်တွင် မူတည်၍၊ ရရှိရေးကို ပထမအကြိမ်တွေ့ဆုံချိန်တွင် ဆုံးဖြတ်ပေးပါသည်။

ကျွန်ုပ်တို့ထံတွင် အခြားသော ကျန်းမာရေး အာမခံအစီအစဉ်များလဲရရှိနိုင်ပြီး၊ ကုန်ကျငွေမှာ သက်ဆိုင်ရာ ကျန်းမာရေးအာမခံအစီအစဉ်၏ လွှမ်းခြုံအကာအကွယ်ပေးနိုင်စွမ်းပေါ်တွင် မူတည်ပါသည်။

အကယ်၍ လိုအပ်လာလျှင် အရစ်ကျငွေချေရေး အစီအစဉ်များချမှတ်နိုင်ပါသည်။

## ကျွန်ုပ်တို့ အဓိကပေးသော ဝန်ဆောင်မှုများမှာ-

## လူကြီးများအတွက် စိတ်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ

- ပြင်ပလူနာဌာန ကုသမှုများ(နေ့ပိုင်း)။ (Outpatient Stabilization)
- နှစ်သိမ့်အားပေးအကြံပေးဆွေးနွေး၍ ကုသခြင်း။ (Dialectical Behavior Therapy Treatment)
- လူကြီးဂေဟာစောင့်ရှောက်မှု။ (Adult Residential Services)
- သိန်းငှက် အလုပ်အကိုင် ရှာဖွေကူညီရေးအဖွဲ့။ (Eagle Employment Services)
- အိမ်ရာမဲ့တို့ကို ကူညီသော ဝန်ဆောင်မှုများ။
- ဆေးကုသမှုပေးသော ဆေးခန်း။ (Medication Clinic)

## ကလေးနှင့်လူငယ် ဝန်ဆောင်မှုများ

- ပြင်ပလူနာဌာန ဝန်ဆောင်မှုများ - မိသားစု၊ တဦးချင်း၊ အုပ်စုလိုက် ကုသမှုများ။ (Outpatient Services)
- မိသားစုပညာပေးဌာန - လူငယ်လူရွယ်များအတွက် တနေ့လုံး (သို့) နေ့တဝက် ကုသမှု။ (Family Education Center)
- ဆုတောင်း ၃ခု - ကလေးသူငယ်များအတွက် နေ့ပိုင်းကုသမှု။ (Three Wishes Therapeutic Pre-school)
- အိမ်ကိုအခြေပြုသော ဝန်ဆောင်မှု - မိသားစုပြန်လည်သင့်မြတ်ရေးကို ရှေးရှုသောဝန်ဆောင်မှု။ (Home-Based Services)
- လူငယ်ဂေဟာ ဝန်ဆောင်မှုများ - လူငယ်ယောကျ်ားလေးများအတွက်ဂေဟာ။ (Youth Residential Services)
- လူငယ်လူရွယ် ပြင်ပဌာန ဝန်ဆောင်မှု - အထက်တန်းကျောင်းသားအရွယ် လူငယ်များအတွက် အရေးကြီးကုသမှု။ (Adolescent Day Treatment Program)

## စွဲလမ်းမှု ဖြတ်တောက်ရေး ဝန်ဆောင်မှုများ

- အရက်နှင့်မူးယစ်ဆေးစွဲ ဖြတ်တောက်ရေး ဝန်ဆောင်မှု။
- လောင်းကစားစွဲမှု ဖြတ်တောက်ရေး ဝန်ဆောင်မှု။
- ပတ်ဝန်းကျင်ကောင်း လိုအပ်သူများအတွက် ဂေဟာများ။

☆ လူကြီးများ၊ လူငယ်လူရွယ်များ နှင့် မိသာစုများသည် မိမိ၏ ကုသမှု အစီအစဉ်ဆွဲမှုတွင် ကိုယ်တိုင်ပါဝင်နိုင်ပါသည်။

☆ ကုသမှုအစီအစဉ်ရေးဆွဲပြီးနောက် ကုသမှုတွင် မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ကျောင်းမှတာဝန်ရှိသူများ၊ ဘာသာရေးအထောက်အပံ့များ၊ ပူးပေါင်းလက်တွဲပါဝင်မည့် အခြားကျွမ်းကျင်ဝန်ထမ်းများလည်း ပူးပေါင်းပါဝင်နိုင်ပါသည်။

☆ ကုသမှုအစီအစဉ်သည် ကုသခံယူမည့်သူကိုယ်တိုင်နှင့် မိသားစုဝင်များ၏ မျှော်လင့်ချက်များ၊ ဆန္ဒများပေါ်တွင် မူတည် ပါလိမ့်မည်။

☆ ကုသရေးဆုံးဖြတ်ချက်များသည် လူတဦးချင်းစီ၏လုပ်ဆောင်နိုင်စွမ်းနှင့် အားသာချက်များပေါ်တွင် အမှီပြုပါလိမ့်မည်။

☆ ပူပေါင်းလက်တွဲမှုများနှင့် လက်တွေ့ကျသော ဆွေးနွေးမှုများဖြင့် ကောင်းမွန်၍ ထိထိရောက်ရောက် အထောက်အကူပြုနိုင်သောအဖြေများကို ရှာဖွေဖော်ထုတ်ပေးနိုင်ပြီး ကုသမှုခံယူမည့်သူကိုယ်တိုင်နှင့် မိသားစုဝင်များ၏ဘဝ အဆင်ပြေချောမွေ့ရေးအတွက် အထောက်အကူပြုပေးနိုင်ပါလိမ့်မည်။